၁၃၆၈၄

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ

ရေဦးမြို့ (စစ်ကိုင်းတိုင်း)

လေးထပ်ကြီးပရိယတ္တိစာသင်တိုက်ကြီး၏၊

ဦးစီးနာယက

# ဘဒ္ဒန္တကုမာရ ဆရာတော်

# ချီးကျူးဂုဏ်ပြုပူဇော်ပွဲ

ရေဦးမြို့နယ်အသင်း (ရန်ကုန်) ကကြီးမှူး၍

ကျားကူး ဓမ္မာရုံ၌ ကျင်းပမည်

သာသနာ - ၂၅၃၁ ကောဇာ - ၁၃၄၉ ခရစ် - ၁၉၈၇



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
စစ်ကိုင်းတိုင်း၊ ရေဦးမြို့၊ လေးထပ်ကြီးကျောင်းတိုက်
ဆရာတော် ဘဒ္ဒန္တကုမာရ
[ သက်တော် ၇၆-နှစ်၊ သိက္ခာတော် ၅၇-ဝါ ]

စစ်ကိုင်းတိုင်း၊ ရေဦးမြို့

လေးဆယ်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးနာယက

# ဘဒ္ဒန္တကုမာရ ဆရာတော်

# ချီးကျူးဂုဏ်ပြု ပူဇော်ပွဲ

- ထေရုပ္ပတ္တိအကျဉ်းချုပ်
- ထေရဂုဏပူဇာဂါထာများ
- အဖွဲ့အသီးသီး၏ လျှောက်ထားလွှာများ
- ထေရဂုဏပူဇာ ရှစ်လုံးဖွဲ့ ရတုနှင့် တေးထပ်ကဗျာများ

ရေဦးမြို့နယ်အသင်း(ရန်ကုန်မြို့)က ကြီးမှူး၍

ကျားကူးမဗွာပိမာန်၌ နေ့လည် (၁၁း၃၀) နာရီတွင် ကျင်းပသည့်

သာသနာသက္ကရာဇ် ၂၅၃၁ ခုနှစ်

ကောဇာသက္ကရာဇ် ၁၃၄၉ ခုနှစ်၊ နယုန်လပြည့်ကျော် (၃)ရက်၊

( ၁၄ ၊ ၆ ၊ ၈၇ )

F 1

## (၁၄-၆-၈၇)နေ့

## အခမ်းအနား အစီအစဉ်

၁။ နံနက် (၉)နာရီမှစ၍ ရွှေတိဂုံဘုရားလမ်း ကျွန်းကူးစမ္ပာရုံ၌ မြဖိုးသာအောင် မင်္ဂလာဆိုင်းအဖွဲ့ ပူဇော်ပွဲနှင့် သင့်လျော်သောသီချင်းများဖြင့် ငြိမ့်ငြောင်းသာယာစွာ ညှော်ခံရန် ဖြစ်ပါသည်။

၂။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ ဆရာတော်ဘုရားကြီးနှင့် သံဃာတော်များ နေ့လည် (၁၁း၃၀)နာရီအချိန်တွင် ကျွန်းကူး စမ္ပာရုံ ရွှေတည့်တည့် ရောက်သော အခါ ဒေါက်တာ မြတ်မိုရ်က အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရဆရာတော်ကြီးအား ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ရန်နှင့် ရွှေမှ ငွေဖလားနှင့် ပန်းပေါက်ပေါက်များကို ဦးထွေးက ပလ္လင်တော်ပေါ် ရောက်သည်အထိ ကြဲချရန်နှင့် ပရိသတ်များက လက်အုပ်ချီထားရန်၊ ထိုအချိန်တွင် ဆိုင်းအဖွဲ့က မင်္ဂလာစည်တော်ယွန်း၍၊ ဆရာတော်ကြီးများ နေရာယူပြီးသည်နှင့် တပြိုင်နက် ရပ်နားထားရန်။

၃။ နေ့လည် (၁၁း၃၀)နာရီတိတိတွင် အခမ်းအနားမှူးက အခမ်းအနား အစီအစဉ်ကို လျှောက်ထားရန်။

၄။ တဆက်တည်းမှာပင် အခမ်းအနားမှူးက နမော တဿ (၃) ကြိမ်တိုင်ပေး၍ လူပရိသတ်များက လိုက်ဆိုခြင်းဖြင့် အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာရန်။

၅။ အသင်းနာယက ဗိုလ်မှူးကြီးဟောင်း ဦးတင်ညွန့် က နှုတ်ခွန်းဆက် စကားနှင့်ပူဇော်ခွင့်ပြုရန် လျှောက်ထားရန်။

၆။ ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ရန်၊ အခမ်းအနားမှူးက အောက်ပါများကို ပရိသတ်များအား တိုင်ပေးရန်။

—သြကာသ သြကာသ သြကာသ ကာယဝစီ၊ မနောချီလျက်၊ သုံးလီစေတနာ၊ သုံးဖြာဒွါရ၊ ပဏာမဖြင့်၊ ဘုရားတရား၊ သံဃာအားဖြင့်၊ သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊ မိဘတို့အား၊ ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော် မာန်လျှော့၊ ကန်တော့ပါ၏ အရှင်ဘုရား။

၇။ ..အုပ်မြို့၊ ရေလဲအရှေ့ ပြည်လုံးချမ်းသာ ..ကျောင်း ဆရာတော် ဦးပဏ္ဍိတဝရ ဓမ္မာစရိယ က ချီးကျူးဝန္ဒနာ ဂါထာဖြင့် ပူဇော်ရန်။

၈။ ရေဦးမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ က ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကျင်းပရခြင်းအကြောင်း လျှောက်ထားရန်။

၉။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ဝန်ကြီးများအဖွဲ့၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးကလျှောက်ထားရန်။

၁၀။ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လျှောက်ထားရန်။

၁၁။ ဒဂုံမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ က လျှောက်ထားရန်။

၁၂။ ဆရာတော်၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ကို ဦးစောဝင်း ဓမ္မာစရိယ(ဘီအေ)က လျှောက်ထားရန်။

၁၃။ ထေရဂုဏပူဇာရှစ်လုံးဘွဲ့ ကဗျာများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဘောင်ဒရီ လမ်းရှိ ဒီပဲယင်း စာသင်တိုက်မှ သီလရှင်ဆရာကလေးများက ရွတ်ဖတ်ပူဇော်ရန်။

၁၄။ အသင်ကျော် ကိုထွန်းရွှေက ထေရဂုဏပူဇာ ရတုကဗျာများကို သီဆိုပူဇော်ရန်။

၁၅။ ထေရဂုဏပူဇာ တေးထပ် ကဗျာများကို ဆရာနန်းညွန့်ဆွေက သီဆိုပူဇော်ရန်။

၁၆။ ရန်ကုန် ဆရာအတတ်သင် သိပ္ပံ အနုပညာဌာန လက်ထောက်ကထိက ဒေါ်သင်းသင်းမြတ်က ထေရဂုဏပူဇာရတုကဗျာ များကိုသီဆို ပူဇော်ရန်။

၁၇။ လှူဘွယ်ပစ္စည်းများကို ဆရာတော်များအား လှူဒါန်း ပူဇော်ရန်။ (နာယကကြီးများနှင့် အလှူရှင်များ)

၁၈။ အဂ္ဂမဟာပဏ္ဍိတ ကုမာရ ဆရာတော်ထံမှသြဝါဒ ခံယူရန်။

၁၉။ ရေစက်ချ အမျှပေးဝေရန်။

- ရေစက်ချအမျှပေးဝေခြင်းကို ရွှေဘို(၈) မြို့နယ် အသင်းဥက္ကဋ္ဌ ဒေါက်တာ ဦးကျော်က ဆောင်ရွက်ရန်။
- တပည့်တော်တို့သည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ကြပြီးဆရာတော်များအား ချီးကျူးဂုဏ်ပြု ပူဇော် လှူဒါန်းမှုကို ပြုကြပါကုန်၏။
- ဤကောင်းမှုကြောင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပြီး၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို လျှင်မြန်ထုတ်ချောက် ရောက်ရပါကုန်၏။
- ဤကောင်းမှု၏ အဘို့ကို သတ္တဝါအားလုံး ရကြ ပါစေအမျှပေးဝေပါကုန်၏။ (အမျှဝေ)

၂၀။ အခမ်းအနားမှူးက အခမ်းအနား ပြီးဆုံးကြောင်း ဗုဒ္ဓသာသနိစိရံ တိဋ္ဌတု သုံးကြိမ် ပရိသတ် များအား တိုင်ပေး၍ အဆုံးသတ်ရန်။

၂၁။ ပရိသတ်များအား အဖျော်ယမကာနှင့် အကျွေးအမွေးများဖြင့် ဧည့်ခံရန်။

## ရေဦးမြို့နယ်အသင်း (ရန်ကုန်) ၏ နာယကဦးတင်ညွန့် (မိုလ်မှူးကြီးဟောင်း)က နှုတ်ခွန်းဆက်နှင့် ပူဇော်ခွင့်ပြုရန် လျှောက်ထားလွှာ

ရှိသေစွာ လျှောက်ထားပါသည်၊ ဆရာတော်ဘုရား အရှင်သူမြတ်ဘုရား။

တပည့်တော်များ ယခုကဲ့သို့ ရေဦးမြို့နယ်မှ ဆရာတော် သံဃာတော်များ ပြည့်စုံစွာဖူးတွေ့ရသဖြင့် ဝမ်းမြောက် ကြည်နူးမိကြောင်း ရှေးဦးစွာ လျှောက်ထားပါသည်ဘုရား။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီသည် ၁၉၈၇-ခုနှစ် အကြိမ် (၄၀) မြောက် လွတ်လပ်ရေးနေ့ ဘွဲ့ထူး၊ ဂုဏ်ထူးများ ဆက်ကပ်လှူဒါန်းရာတွင် စစ်ကိုင်းတိုင်း၊ ရေဦးမြို့ လေးထပ်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးနာယက ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးအား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းပူဇော်ကြောင်း ကြားသိရသဖြင့်....

တပည့်တော်များ ရန်ကုန်ရောက် ရေဦးမြို့နယ်သူ/နယ်သားများ အနေဖြင့် ဝမ်းမြောက်ရွှင်လန်းစွာ ဂုဏ်ယူမိကြပါသည်ဘုရား။

ဤသို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ပူဇော်ရခြင်းသည်လည်း ဤဆရာတော်ဘုရားကြီး၏ ဘုရားဟောပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌ ကိုယ်တော်တိုင် လိမ္မာစွာ တတ်ကျွမ်းနှံ့စပ်ခြင်း၊ ပါဠိတော်,အဋ္ဌကထာ, ဋီကာတို့၌ လိမ္မာစွာတတ်ကျွမ်း နှံ့စပ်ကြောင်း ဂုဏ်သတင်းကျော်ဇောမှုရှိခြင်း၊ ပါဠိတော်,အဋ္ဌကထာ, ဋီကာများကို တပည့်သားတို့အား အမြဲမပြတ် ပို့ချပေးနေခြင်း၊ မဟာထေရ် ဂုဏ် သိက္ခာနှင့် ပြည့်စုံခြင်း၊ အကျင့်သီလနှင့် ပြည့်စုံပြီး သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် အမြဲမပြတ် ဆောင်ရွက်တော်

မှုခြင်း စသည့် ဂုဏ်ကျေးဇူးများကြောင့် ဂုဏ်ပြု ချီးကျူးပူဇော်ထိုက်သောဆရာတော်ဘုရားကြီးအား ဂုဏ်ပြုချီးကျူးပူဇော်ခြင်းဖြစ်ကြောင်း သိရှိရပါသည့်ဘုရား။

တပည့်ပဲယာ်များ၊ ရန်ကုန်ရောက် ရေဦးမြို့နယ်သူ မြို့နယ်သားများနှင့် စေတနာရှင် ယုပ်ကားပြည်သူတို့ကလည်း ဆရာတော်ဘုရားကြီးအား မိမိတို့၏ မွန်မြတ်သောစေတနာ၊ ခလေးနက်သော သဒ္ဓါတရားတို့နှင့် ချီးကျူးဂုဏ်ပြုပူဇော်လိုကြသည်ဖြစ်၍ ခွင့်ပြုပါရန်....

ရှိသေစွာလျှောက်ထားပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

## အာစရိယထောမနာ

## ဝန္ဒနာဂါထာ

### မအူပင်မြို့၊ အရှေ့ပြည်လုံးချမ်းသာ ရွှေကျောင်းဆရာတော်
### ဘဒ္ဒန္တပဏ္ဍိတာဝရ ဓမ္မစရိယ ရွတ်ဆိုပူဇော်သည်

ဥဂ္ဂတေဇံ ထိရံ သုတံ၊ သီလဝန္တံ ဟိတေသနံ၊
အဂ္ဂ ဉာဏံ မဟာဂုဏံ၊ အဂ္ဂထေရံ နမာမဟံ။

ဥဂ္ဂတေဇံ၊ သီလသိက္ခာ ပညာပြည့်စုံ များသည့်ဂုဏ်ကြောင့် လူ့ဘုံ တလွှား ကျော်ထင်ရှားသည့် ကြီးမားမြင့်မြတ်သော တန်ခိုးရှိတော်မူထသော။ ထိရံ၊ လေပြင်းထန်ထန် မုန်တိုင်းရန်ကြောင့် ဖောက်ပြန်လှုပ်ရှား မရှိငြားသည့် ကြီးမားခိုင်ခံ့ တည်တံ့မယိုင် ကျောက်စာတိုင်ကြီးကဲ့သို့ မြဲခိုင်သော သမာဓိလည်း ရှိတော်မူထသော။ သုတံ၊ သိအပ်ရာရာ အဖြာဖြာကို ရလာသမျှ ချိန်ကာလတွင် နေ့ညမဟူ သင်ယူကျက်မှတ် လေ့လာအပ်သည့် မြင့်မြတ်သော အကြား အမြင်လည်း ရှိတော်မူထသော။ သီလဝန္တံ၊ နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်နှင့် ကျင့်ဘွယ်သိက္ခာ အဖြာဖြာကို စာမရိသား ငှက်အလားသို့ ပြောက်ကြားမရှိ ကျင့်ဆောင်ဘိသည့် သီလတော်မြတ်လည်း ရှိတော်မူထသော။ ဟိတေ-သနံ၊ မျက်မှောက်နာဂါတ် နှစ်ရပ်ကိုယ်ကျိုး စုံပြည့်ဖြိုးအောင် အားကြိုးကာသာ ရှာတော် မူဘတ်ထသော။ အဂ္ဂဉာဏံ၊ နိုင်ငံတော်က ပူဇော်ဆက်ကပ် လှူဒါန်းအပ်သည့် ထူးမြတ်တေဇာ ပူဇာရဟာ ပြုထိုက်လှသည့် အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော်ရအောင် မြင့်မြတ်သော ဉာဏ်လည်း ရှိတော်မူထသော။ မဟာဂုဏံ၊ သီလပညာ သမ္မာစာရ စသည့် ထွေထွေ ကြီးကျယ်သော ဂုဏ်ကျက်သရေလည်း ရှိတော် မူထသော။ အဂ္ဂထေရံ၊ လေးထပ်မဟာ တိုက်တော်သာ၌ လေးဖြာယာပထ ကျင့်သီ

မျှလျက် များလှသ်ယာ အဖြဖြာနှင့် ဒါယကာ ဒါယိကာမ စသည် သောင်းသောင်း သူတော်ကောင်းတို့အား ကျင့်ကောင်း ကျင့်မှန် အတန်တန်ကို၊ နည်းမှန်ညွှန်ပြ ဆိုဆုံးမလျက် အဂ္ဂမဟာ ပညာဂုဏ် ဟိတ် တံဆိပ်ဂေါ်ရ ထင်ရှားလှသည့် တစ်ပါးဆရာ ထေရ်မဟာကို။ အဟ၊ ပဏ္ဍိတာဝဇ မည်ရထင်ခေါ် ပ်ည့်တော်သည်။ နမာမိ၊ ဆယ် ဖြာလက်စုံ ကြာပန့်ဖြင့် ကြည်ယုံသဒ္ဓါ ရှိသေစွာလျှင် ခါခါဦးခိုက် ရှိခိုးပူဇော်လိုက်ပါ၏ဘုရား။

ရေဦးမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ၏
ဆရာတော်ကြီးအား ချီးကျူးဂုဏ်ပြု ပူဇော်ရခြင်းအကြောင်း
လျှောက်ထားလွှာ

ရေဦးမြို့နယ်အသင်း(ရန်ကုန်)အသင်းသူ အသင်းသားများ နာယကများ၊အမှုဆောင်အဖွဲ့ဝင်များနှင့် စေတနာရှင်များကိုယ်စားရိုသေစွာ လျှောက်ထားပါသည်၊ ဆရာတော်သခင် အရှင် သူမြတ်တို့ဘုရား။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီသည်၊ ၁၉၈၇ ခုနှစ် အကြိမ်(၄၀)မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဆရာတော်များအား ဘွဲ့ထူးဂုဏ်ထူးများ ဆက်ကပ် လှူဒါန်းရာတွင် စစ်ကိုင်းတိုင်း၊ ရေဦးမြို့၊ လေးထပ်ကြီး ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးနာယက ဘဒ္ဒန္တကုမာရ ဆရာတော်ဘုရားကြီး အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်း ပူဇော် ကြောင်း ကြားသိရသောအခါ တပည့်တော်များ အားရရွှင်လန်းဝမ်း သာကြည်နူးကြပြီး ဂုဏ်အယူကြီး ယူမိကြပါသည်ဘုရား။

ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ။

ချီးကျူးဂုဏ်ပြု ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့အား ချီးကျူးဂုဏ်ပြု ပူဇော်ရခြင်းသည်လည်း ကောင်းကျိုးချမ်းသာ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံခြင်းဖြစ်ရကြောင်း၊ ဘုရားဟော မင်္ဂလာတရား ဒေသနာတော် နှင့်အညီ တပည့်တော်တို့မှာ ဆရာတော်ဘုရားကြီးအား ယခုလို မျက် မှောက်ထင်ထင် ချီးကျူးဂုဏ်ပြု ပူဇော် ရခြင်းဖြင့် ကောင်းကျိုးတရား များပြားလှသည်ဖြစ်၍ အထူးဝမ်းသာခြင်း ဖြစ်မိကြပါသည်ဘုရား။

တပည့်တော်များ ရေဦးမြို့နယ်အသင်း(ရန်ကုန်)သည် ၁၉၈၂ ခုနှစ် ကမှစ၍ တည်ထောင်လာသောအသင်းဖြစ်သဖြင့် အသင်း သက်တမ်း

အားဖြင့် ငယ်ရွယ်နုနယ်လှပြီး အတွေ့အကြုံ အားဖြင့်လည်း နည်းပါး နေသေးသဖြင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်သိက္ခာတော်များနှင့် အညီ ချီးကျူး ဂုဏ်ပြု ပူဇော်ခြင်း ပြုနိုင်ပါ့မလားဟု ပထမ စိုးရိမ်စိတ်များ ဖြစ်မိကြပါသည်ဘုရား။

သို့သော်လည်း ဆရာတော် ဘုရားကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကြောင့် လည်းကောင်း၊ သြဝါဒါစရိယ ဆရာတော်များ ၏ စစ်မှန်သော သြဝါဒ, သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း များ၏ ပံ့ပိုးကူညီမှု, အသင်း နာယကများ၏ တိကျသော ညွှန်ကြားမှု,အသင်း သူ အသင်းသားများနှင့် စေတနာရှင်များ၏ မွန်မြတ်သောစေတနာ, မဆုတ်နင့်သော သဒ္ဓါတရားနှင့် အသင်းအမှုဆောင်များ၏ နိုးကြား တက်ကြွသော လုံ့လ ဥဿာဟတို့ကြောင့်လည်းကောင်း တပည့်တော် များ စိတ်ဝယ် စိုးရိမ်စိတ်များ ကင်းပျောက်ပြီး၊ ယခုကဲ့သို့ ပူဇော်ပွဲ သဘင်ကြီးကိုစည်ကား သိုက်မြိုက်စွာ ကျင်းပ နိုင်ခြင်း ဖြစ်ပါသည် ဘုရား။

ဤသည်လည်း ဆရာတော်ဘုရားများ ဘက်က ဘုရား ပွင့်တော် မူသည်မှယခုအချိန်တိုင်အောင် အာစရိယ ပရမ္ပရ၊ဆရာစဉ်ဆက် သိဿ နုသိဿ တပည့်စဉ်ဆက်မပျက်မကွက် ဘုရားရှင်၏ ပရိယတ္တိ, ပဋိပတ္တိ နှင့်ပဋိဝေဓတည်းဟူသော သာသနာတော်ကြီး သုံးရပ်အား သန့်ရှင်း တည်တံ့ပြန့်ပွားအောင် ဓမ္မာနုဂ္ဂဟဖြင့် ဆောင်ရွက်ခဲ့ကြ သောကြောင့် လည်းကောင်း၊ တပည့်များ ဘက်ကလည်း ဆရာတော်များ ပစ္စည်း လေးပါးဖြင့် မပင်ပန်းစေရန် ရှေးအစဉ်အလာ မိဘ ဘိုးဘွား များ၏ ကောင်းမြတ်သောထုံးကို နှလုံးမူ၍ ပစ္စယာနုဂ္ဂဟဖြင့် သာသနာ ပြုခဲ့ ကြသော အစဉ်အလာကောင်းများကြောင့် လည်းကောင်း ဖြစ်ပါသည် ဘုရား။

ဆရာတော်များ သာသနာပြုရာ တပည့်တော်များ ဘိုးဘွား မိဘ များ နေထိုင်ခဲ့ရာ ရေဦးမြို့နယ်သည်ကား ဆိုလျှင် မြို့ငယ် သလောက်

ဆရာတော်များနှင့် ဒါယကာများလက်တွဲပြီး ပစ္စယဓမ္မဖြင့်သာသနာပြုရမှာ စံတင်လောက်သော မြို့နယ်ဖြစ်ပါသည်ဘုရား။

တပည့်တော်များသည်လည်း ထိုမှစဉ်အလာကောင်းများကို နည်းယူပြီး ဒုဋ္ဌဂါမဏိမင်းကြီး၏ စစ်ထွက်ရာမှာပင် ရဟန်း သံဃာတော်များပင့်ပြီးသာသနာပြုခဲ့သော ထုံးကို နှလုံးမူလျက် ရောက်လေရာတိုင်းမှာ ဆရာ ဒကာလက်တွဲပြီး ပစ္စယဓမ္မဖြင့် သာသနာပြုပွဲများ ဆင်နွှဲလျက်ရှိကြရပါသည်ဘုရား။

နိဂုံးချုပ်အနေဖြင့် အောက်ပါဂါထာကို ရွတ်ဆိုပူဇော်ရင်း အဆုံးသတ်ပါရစေ ဆရာတော်သခင် အရှင်သူမြတ်တို့ဘုရား။

သဂါရော စ အနာဂါရော စ၊ ဥဘော အညောည နိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ မနုတ္တရံ။

သဂါရော စ၊ အိမ်ရာတည်ထောင် လူ့ဘောင်နေသူ လူအများတို့သည်လည်းကောင်း။ အနာဂါရော စ၊ အိမ်ရာမထောင် ရဟန်းဘောင်နေသူ ဆရာတော်ဟူသမျှ တို့သည် လည်းကောင်း။ ဥဘော၊ ဆရာဒကာ နှစ်ဖြာသော ပုဂ္ဂိုလ်တို့သည်။ အညောညနိဿိတာ၊ အချင်းချင်း ပစ္စယဓမ္မ အမှီရကြကုန်လျက် (ဝါ) ပစ္စယဓမ္မအမှီရကြကုန်သည်ရှိသော်။ အနုတ္တရံ၊ အတုမရှိ ထူးမြတ်သော။ ယောဂက္ခေမံ၊ ယောဂလေးတန် ကုန်ကြောင်းမှန်သော (ဝါ) ယောဂလေးတန် ကုန်ရာမှန်သော။ သဒ္ဓမ္မံ၊ ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ အာရာဓယန္တိ၊ အရဟတ္တဖိုလ် ရောက် ပြီးမြောက်အောင် ချီးမြှောက် နိုင်ကြလေကုန်၏။ အာရာဓယန္တု၊ အရဟတ္တဖိုလ်ရောက် ပြီးမြောက်အောင် ချီးမြှောက်နိုင်ကြ ပါစေသား ဆရာတော်သခင် အရှင်သူမြတ်တို့ ဘုရား။

## ဒဂုံမြို့နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ၏ လျှောက်ထားချက်

ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်သခင် အရှင် သူမြတ်တို့ ဘုရား။

စစ်ကိုင်းတိုင်း ရေဦးမြို့၊ လေးထပ်ကြီးပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးနာယက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုမာရ ဆရာတော်ဘုရားကြီးအား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲတွင် လျှောက်ထားခွင့်ရသဖြင့် အထူးဝမ်းသာ ဂုဏ်ယူမိကြောင်း ရှေးဦးစွာလျှောက်ထားပါသည်ဘုရား။

ရေဦးမြို့နယ်(ရန်ကုန်)အသင်းက ကြီးမှူးကျင်းပသော ဆရာတော်ဘုရားကြီးအား ချီးကျူး ဂုဏ်ပြု ပူဇော်ပွဲကို ဒဂုံ မြို့နယ် အတွင်းရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်များနှင့် ဒဂုံမြို့နယ် ပြည်သူ့ကောင်စီ တို့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလျက် ရှိပါသည်ဘုရား။

တပည့်တော်များ ဒဂုံမြို့နယ်သည် ဗုဒ္ဓဘုရား သက်တော် ထင်ရှားရှိစဉ်ကပင် တဖုဿနှင့်ဘလ္လိက မထေရ်မြတ်ကြီးတို့ ကဲ့သို့ ဗုဒ္ဓသာသနာတွင် ထင်ရှားကျော်ကြားသော သာသနာပြုမထေရ်ကြီးများ ထွန်းကားရာ ချီးကျူး ဂုဏ်ပြု ပူဇော်ရာ ဌာနကြီး ဖြစ်ခဲ့ပါသည်ဘုရား။

ရှေးရှေးသော သနာပြု မင်းကောင်းမင်းမြတ် အဆက်ဆက်တို့၏ ဗုဒ္ဓသာသနာသန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက် ခဲ့ကြသော ဆရာတော် သံဃာတော်များအား ချီးကျူးဂုဏ်ပြု ပူဇော်ခဲ့သော ကောင်းမွန်သော ထုံးကို နှလုံးမူလျက်၊ နိုင်ငံတော် အစိုးရသည် ဆရာတော်ဘုရား၏ သီလဂုဏ်၊သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပရိယတ္တိဝိသာရဒ ဂုဏ်တို့ကြောင့်၊ ဆရာတော်ဘုရားကြီးအား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်း ပူဇော်ခြင်းကို ကြားသိရ ပါသည်ဘုရား။

ယခု တဖန်ရေဦးမြို့နယ် အသင်း (ရန်ကုန်)က ကြီးမှူးပြီး ဤကျွန်းကူး ဓမ္မာဗိမာန်တော်ကြီးမှာ ဆရာတော်ဘုရားကြီးအား ဂုဏ်ပြုချီးကျူး

ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပခြင်းသည်လည်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါသည်ဘုရား။

တပည့်တော်များအနေဖြင့် ရန်ကုန်ရောက်ရေဦးမြို့နယ်သူ နယ်သားများသည် တိုင်းပြည်အကျိုးသာသနာတော်မြတ်ကြီးအကျိုးကိုဆသက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပြီး၊ ဆရာတော် ဘုရားကြီး သည်လည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာလျက် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် တိုးတက်ဆောင်ရွက်နိုင်စေရန် ဆုတောင်း ရင်းနိဂုံးချုပ်အပ်ပါသည် ဆရာတော်သခင်အရှင်သူမြတ်တို့ဘုရား။

စစ်ကိုင်းတိုင်း၊ ရေဦးမြို့၊ လေးထပ်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏
ဦးစီးနာယက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဘဒ္ဒန္တကုမာရ ဆရာတော်ဘုရားကြီး၏
ထေရုပ္ပတ္တိအကျဉ်း။

(ဦးစောဝင်း ဓမ္မာစရိယ၊ ဘီအေ က ဖတ်ကြားပူဇော်သည်။)

**ဖွားရာဒေသ မိဘသားချင်းဆွေမျိုးရင်း**

စစ်ကိုင်းတိုင်း၊ ရေဦးမြို့၊ လေးထပ်ကြီးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ မထေရ်မြတ်သည် "အောင်ကျော်နှင်းကြို ကုမာရ" ဆိုသည်နှင့်အညီ၊ရေဦးမြို့နယ်၊ ယန်းကြီးအုပ်စုအပါအဝင်၊ ထန်းတောကုန်ရွာ ဘုရား ဒါယကာ ဦးဘုန်းကျော်နှင့် ဘုရားဒါယိကာမဒေါ်မြစ်တို့မှ ကောဇာသက္ကရာဇ် ၁၂၇၂ ခု၊ တပေါင်းလဆန်း (၁၄) ရက်၊ တနင်္လာနေ့၊ နံနက် (၁၁) နာရီအချိန်တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

မိဘတို့က နေ့သင့် နံသင့် ဖြစ်စေရန် လည်းကောင်း၊ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားများစေရန် လည်းသောင်း ရည်စူး၍"မောင်ကျောက်များ"ဟု ခေါ်တွင်စေသည်။

ဦးဘုန်းကျော်နှင့် ဒေါ်မြစ်တို့တွင် မသိန်းမိ၊ မောင်လူထွား၊ မောင်လူများ၊ မောင်ကျောက်များ၊မောင်နိုင်(ခေါ်)မောင်ဘမော်နှင့် မသိန်းညွန့် တည်းဟူသော သားသမီး (၆)ယောက်ရှိရာ၊ ၎င်းတို့အနက် မောင်ကျောက်များသည် စတုတ္ထမြောက် သားရတနာ ဖြစ်လေသည်။

**ကျောင်းသားအရွယ်ပညာကြွယ်**

မောင်ကျောက်များ(၅)နှစ်သားအရွယ် ရောက်သောအခါ ပညာလိုလား မိဘနှစ်ပါးတို့သည် ၎င်းတို့ဝတ်ကို မချွတ်စေပဲ မိမိတို့ဘိုးဘွားစဉ်ဆက် မပျက်ကိုးကွယ်ရာဖြစ်ခဲ့သော ထန်းတောကုန်း၊ သဒ္ဓမ္မဂံသရွာသာကျောင်းဆရာတော်ထံအပ်နှံ၍၊ ပညာရည်နို့ သောက်စို့စေခဲ့ရာ အရွယ်နှင့် မလိုက်အောင်၊ ဉာဏ်ကောင်း လှသဖြင့် မကြာမီပင်

လောကီ, လောကုတ္တရာ နှစ်ဖြာသော ကျမ်းစာများ၏ အခြေခံများကို ကောင်းစွာ တတ်မြောက်သင်ရိုး ပေါက်ခဲ့လေသည်။

**၈-နှစ်လွန်မြောက် လွတ်မြောက်ဖို့ရန် ဆုကြီးပန်သ ကုမာရ**

မောင်ကျော်ကျော်များ (၈)နှစ်သားအရွယ် ရောက်သောအခါ မိဘဖြစ်သူတို့က၊ သီရိမင်္ဂလာကမင်းကြီး၏ သာသနာပြုတုံးကို နှလုံးမူလျက် သာသနာတော်နှင့် ဆွေစစ်မျိုးမွန် သာသနာ့ဒါယကာ အမှန်စင်စစ်ဖြစ်လိုလှသောဆန္ဒဖြင့် မောင်ကျော်ကျော်များနှင့်တကွ၊ သား (၄) ယောက်တို့အား ပစ္စည်း(၄)ပါးဖြင့် ချီးမြှောက်ထောက်ပံ့၍ ရွာသာကျောင်းဆရာတော်ကို ဉပဇ္ဈာယ်ပြုလျက် ရှင်ပြုခဲ့ရာ မောင်ကျော်ကျော်များသည် မြင့်မြတ်သောရှင်သာမဏေအဖြစ် ရောက်ရှိခဲ့သည်။ ဘွဲ့တော်ကား ရှင်ကုမာရမည်တွင်လေသည် သာမဏေ ရှင်ကုမာရသည်ရှင်သာမဏေ ဖြစ်ပြီးနောက် ခေါင်းစားရွာကျောင်း ဆရာတော်ထံ၌ ပြောင်းရွှေ့၍၊ လိင်ဒဏ်သေခိယ စုဒ္ဒသ ခန္ဓကဝဂ်စသော ရှင်သာမဏေ ကျင့်ဝတ်များကို မလွတ်ကျင့်ဆောင်သည်သာမက၊ ပိဋက သုံးပုံ၏ အခြေဖြစ်သော၊ သဒ္ဒါ၊သင်္ဂြိုဟ်၊ဝိနည်းစသောကျမ်းများကိုလည်း သင်ယူခဲ့ရာတွင်၊ အရွယ်နှင့်မမျှ၊ တတ်မြောက်လွယ်လှလေသည်။

**ပညာရှာမှီး ခရီးပေါက်ရောက် စာချမြောက်ခဲ့**

သာမဏေ ရှင်ကုမာရသည်၊ပိဋကသုံးပုံ၏ အခြေခံ ကျမ်းစာများကို သင်ကြားပြီးနောက်၊ ထိုထက် တတ်မြောက် ပေါက်ရောက် လိုလှသောဆန္ဒဖြင့် ပညာရှာမှီးရန် ရေဦးမြို့၊ လေးထပ်ကြီး ကျောင်းတိုက်ဆရာတော် ဦးဒေဝိန္ဒထံသို့ ရောက်ရှိခဲ့လေသည်။

ဆရာတော် ဦးဒေဝိန္ဒသည်၊ မာန်လည်နှင့် လယ်တီဆရာတော်ဘုရားကြီးများ၏ နည်းနိဿယရရှိသော ဆရာတော်ဖြစ်၍၊ နာမိကဂဏ္ဌသင်္ဂါဟကျမ်း, မာတိကာ, ဓာတုကထာတုတ်လုမ်းချိုး ဂမ္ဘီရဝိသဇ္ဇနာကျမ်း စသည့်ကျမ်းပေါင်း ၁၅ ကျမ်းကို ပြုစု၍၊ မြန်မာ စာပေ, ပါဠိ

စာပေ၊ သက္ကဋစာပေ၊ သီဟိုဠ်စာပေနှင့် အင်္ဂလိပ်စာပေတို့တွင် တတ်ကျွမ်းနှံ့စပ်၍၊ စာသင်သား ရဟန်းသံဃာ (၇၀) ကျော်၊ (၈၀) တို့အား စာပေပရိယတ္တိ သင်ကြား ပို့ချနေချိန် ဖြစ်လေသည်။ သာမဏေ ရှင်ကုမာရသည်၊ ဗေဒင်အသင့် ကြာ အသင့်ဖြစ်၍၊ လေ့ကျင့်မကုန် နည်းမျိုးစုံအောင် သင်ကြားခဲ့ရလေသည်။

သာမဏေ ရှင်ကုမာရသည်၊ ဆရာကောင်းတပည့်ဖြစ်သည်နှင့် အညီ၊ ဆရာတော်နှင့် စာချဆရာတော်တို့ထံမှ သင်ကြားခဲ့ပြီးနောက် သင်ရိုး၊ ပေါက် တတ်မြောက်ခဲ့သဖြင့်၊ သာမဏေ ဘဝဖြင့်ပင် ရေဦးမြို့၊ လေးထပ်ကြီးတိုက်၌ စာချအဖြစ် အပ်နှင်းခြင်းခံခဲ့ရပေသည်။

**မြတ်ရဟန်းသွင် ပညာသင်**

သာမဏေရှင်ကုမာရသည်သက်တော် (၂၀) ပြည့်သည့်အခါကောဇာ သက္ကရာဇ် ၁၂၉၁ ခု၊ တန်ခူးလဆန်း (၉) ရက်နေ့၊ နေ့ (၁၁) နာရီခွဲ အချိန်တွင် မှာသာကျောင်းတိုက်၊ ခဏ္ဍသိမ်၌၊ လေးထပ်ကြီး ဆရာတော်ကြီး ဦးဒေဝိန္ဒကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စည်းလေးပါးကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ရဟန်းတော် ဦးကုမာရသည် ရဟန်းဖြစ်ပြီး မကြာမီ လေးထပ်ကြီး ဆရာတော်၏ ညွှန်ကြားခွင့်ပြု တိုက်တွန်းချက်ဖြင့် မုံရွာမြို့၊ လယ်တီကျောင်းတိုက်၌၊ စာချဆရာတော်ပဌမကျော် ဦးဝါယမထံမှလယ်တီသဒ္ဒါ သင်ယူပို့ချနည်း များကိုလည်းကောင်း၊ အမရပူရ၊ မင်္ဂလာရာမတိုက်သစ် ဆရာတော်ဦးဓမ္မသာမိထံမှ အဘိဓမ္မာနှင့်ညဝါ သင်ယူပို့ချနည်း များကိုလည်းကောင်း၊ မန္တလေးမြို့၊ သင်္ဂဇာဘိုက်၌၊ ဇာကျမ်း (စာကျမ်း) ဆရာတော် ဦးအာဒိစ္စသံမှ နေတ္တိသင်ယူပို့ချနည်းများကိုလည်းကောင်း၊ ဘုရားကြီးကိုယ် အလယ်တိုက်ဆရာတော် ဦးဥေ ယျနှင့်၊ ရွှေရေးဆောင်တိုက်၊ ပဆိုးကျောင်း ဆရာတော် ဦးပဏ္ဍဝတို့ထံမှ၊ ဝိနည်း အဋ္ဌကထာ၊ ဋီကာသင်ယူပို့ချနည်းများကိုလည်းကောင်း လေ့လာဆည်းပူး သင်ယူ တတ်မြောက်ခဲ့လေသည်။

## လေးထပ်ကြီးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးနာယက ပဓာန

ရဟန်းတော်ဘဝ်ကူမာရသည်၊ ကောဇာသက္ကရာဇ် ၁၂၉၇-ခုနှစ်တွင် ရေဦးမြို့ လေးထပ်ကြီးဆရာတော်၏ ပြန်လည်ခေါ်ဆောင်ချက်အရ၊ လေးထပ်ကြီးတိုက်သို့ပြန်ကြွလာပြီးနောက် ဘိုက်၏ ဂဏဝါစက စာချ ဆရာတော်အဖြစ် အပ်နှင်းခြင်းခံခဲ့ရလေသည်။

ကောဇာသက္ကရာဇ် ၁၃၁၁ ခုနှစ်၌ ဆရာရင်း ဆရာတော် ဦးဒေဝိန္ဒ၊ ပရိသုဒ္ဓပြုသွားသဖြင့်၊ ၎င်းဆရာတော်၏ လွှဲအပ် ညွှန်ကြား ချက်ဖြင့် လေးထပ်ကြီးတိုက်၏ဦးစီးနာယက ပဓာနဆရာတော်ဖြစ်လာလေသည်။ ဆရာတော်သည် လေးထပ်ကြီးတိုက်၌ ဦးစီးနာယက ပဓာနဆရာတော် အဖြစ် ပညာသင်ကြားပို့ချခဲ့ရာ၊ ဆရာတော်၏ ပညာရည်နို့ သောက်စို့ ခဲ့ကြရသော တပည့်သံဃာများသည် သာသနာတော်တွင် ထင်ရှား များပြားလှစွာ၏။

## အဂ္ဂမဟာပဏ္ဍိတ နာမတံဆိပ် ခတ်နှိပ်ပူဇော် နိုင်ငံတော်

ဆရာတော်သည် ပရိယတ္တိစာပေပို့ချခြင်း ဂန္ထဓုရ၊ တရားပွားများ ခြင်း ဝိပဿနာဓုရနှင့်၊ ဒါယကာ,ဒါယိကာမတို့အား တရားဟော ပြောခြင်း၊ ဓမ္မကထိကတာဝန် စသော သာသနာတော်၏ တာဝန် များကို နေ့ညဥ့်မပြတ် ဆောင်ရွက်နေခဲ့သည့် အပြင် ဆင္ဃသင်္ဂါယနာ ဝန်ဆောင်ဆရာတော်၊ ပါဠိဝိသောဓကဆရာတော်၊ ရေဦးမြို့၊ ကျောင်း ထိုင်ဆရာတော်များအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်၊ ရေဦးမြို့၊ သာသနာ့ဝေပုလ္လ နှင့် သာသနာနုဂ္ဂဟအဖွဲ့တို့၏ ဩဝါဒါစရိယ ဆရာ တော်၊ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးအဖွဲ့ဝင် ဆရာတော်၊ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာ တော်၊ တိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော် နှင့် သံဃသမ္မုတိရ သံဃကိုယ်စားလှယ် ဆရာတော် အဖြစ်ဖြင့် သာသနာ့တာဝန်များကို ဆောင်ရွက်ခဲ့လေသည်။

ထိုကဲ့သို့ နေ့ညဉ့်မပြတ် အားလပ်မရှိ ကိုယ်သိ ရင်တိ သာသနာ့တာဝန်များကို ဆောင်ရွက်ခဲ့သဖြင့်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရသည်၊ ကောဇာသက္ကရာဇ် ၁၃၄၉-ခုနှစ်၊ နယုန်လပြည့် (၁၁-၆-၈၇)နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့လေသည်။

## ပူဇော်ရှင်ပြုံး ရှစ်လုံးကဗျာ ထေ၀မနာ

မှော်င်အော်ငင်း (ဓမ္မာစရိယ) ဟိုင်းရင်းဆေး၊ ဝိဇ္ဇာတွဲနှင့်

ဥပဒေတွဲ၊ ဗဟိုတရားရုံး ရှေ့နေက သီကုံး ပူဇော်၍

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဘောင်ဒရီလမ်း၊ ဒီပဲယင်းစာသင်တိုက်။

သီလရှင်များ ရွတ်ဖတ် ပူဇော်သည်။

၁ ပူဇော်အများ၊ ဘုရားဂုဏ်ရည်၊
ကောင်းစွာပေါကြား၊ တရားဂုဏ်ရည်။
ကောင်းစွာကျင့်က၊ သံဃာဂုဏ်ရည်၊ လက်စုံမိုး၊ရှိခိုးကန်တော့သည်။

၂ မြတ်စွာဗုဒ္ဓ၊ ပိဋကသုံးလီ၊ ပရိယတ်နှင့်၊ ပဋိပတ်တလီ။
ပဋိဝေဓ၊ သိကြနည်မှီး၊ မြန်ပြည်တွင်း၊ ထွန်းလင်းဝေလို့စည်။

၃ ကုန်းဘောင်နေမျိုး၊ တန်းခိုးရှိန်စော်။
နောက်ရပ်စူးစူး၊ မြစ်မူးကမ်းပေါ်။
ရေဦးမည်ရ၊ မြို့ပြထင်ပေါ်၊ သံဃာများ၊ အားထား ရှင်လှိုင်ပျော်။

၄ ထန်းကြီးအုပ်စု၊ ဂုဏ်ပြုဝင်ပါ၊
ရွာထန်းတောကုန်း၊ ထေရ်ဘုန်းဖွားရာ။
ဘုန်းကျော် ဒေါ်မြစ်၊ စင်စစ်မကွာ၊ မိန္နင့်ဘ၊ သိကြတို့သူငါ။

၅ တစ်နှစ်ခွန်နှစ်၊ ခုနှစ်ကောဇာ၊ ငပေါင်းစုဒ္ဒ၊ ဆန်းစအခါ။
တနလာင်္နေ့၊ဖွားရှိစင်လာ၊အမည်ကားကျောက်များခေါ်တွင်လာ

၆ ငါးနှစ်လွန်မြောက်၊ ထွန်းတောက်စေရန်။
ပညာဆည်းပူး၊ ရွာဦးကျောင်းထံ။
မိဘနှစ်ပါး၊ အပ်ထားပို့နှံ၊ သင်သမျှ၊ သိပ္ပကြွင်းမကျန်၊

၇ ရှစ်နှစ်လွန်က၊ သံဝေရပြီ၊ ဘဝဝဋ်ကြွေး၊ မနှေးဆပ်ပြီ။
ရှစ်ဖြာပစ္စည်း၊ သိမ်းဆည်းလေပြီ၊ ပဗ္ဗဇ္ဇ၊ အရမြတ်လေပြီ

၈ သဒ္ဒါဝိနည်း၊ တနည်းဘိဓမ္မာ၊ စုဒ္ဒသဝတ်၊ မချွတ်ကျင့်ရာ၊
သုံးပိဋက၊ ခြေရစေရာ၊ ခေါင်းစားမ၊ သင်ကမြတ်ဆရာ။

၉ ရေဦးမြို့မှီး၊လေးထပ်ကြီးကျော်၊မြတ်ရှင်ရဟန်း၊ ရှင်လန်းတူပျော်၊
ပညာရှာမှီး၊ တိုက်ကြီးမဟော်၊ ရှင့်ဘဝ၊ စာချကျော်အမော်။

၁၀ သံသရာဝဋ်၊ ကင်းလွတ်စေရန်၊ နှစ်ဆယ်ရှယ်နှစ်၊ ပြည့်လစ်ကေန်။
မိဘာပစ္စည်း၊ ရင်းနှီးမြှုပ်နှံ၊ ရဟန်းပြု၊ သာဓုလူနတ်ထံ။
၁၁ ရဟန်းဖြစ်ပြီး၊ ဉာဏ်ကြီးစေထို၊ မုံရွာ တောင်မြို့၊ မန်းမြို့နယ်ကုန်။
လှည့်လည်နယ်သီး၊ သင်နည်းစွယ်စုံ၊ ပညာရ၊ ပြန်လှမြော်ရွှေဘုံ။
၁၂ လေးထပ်ကြီးတိုက်၊ နှစ်ခြိုက်စံပျော်၊ ဂဃဝ ါစက၊ စာချအမော်။
ပညာရည်နို၊ သောက်စို့တူ့ပျော်၊ တပည့်များ၊ ထွန်းကားနယ်နှံ့
ကျော်။
၁၃ တစ်သုံးတစ်တစ်၊ ခုနှစ်ကောဇာ၊ တိုက်တာဦးစီး၊ ထေရ်ကြီးမဖော။
ရှင်လူရဟန်း၊ ပျားပန်းပမာ၊ နေ့နှင့်ည၊ ပို့ချမြွတ်ဆရာ။
၁၄ သာသနာ့ ဝေပုလ္လ၊ မည်ရသင်းကြည်၊ သာသနာ့နုဂ္ဂဟ၊ ခေါ်ထ
တစ်လီ၊ မြော်စွာဗုဒ္ဓ၊ နှစ်ဝသင်းတည်၊ဩဝါဒါစရိယ မဟာထေရ်။
၁၅ ဂိုဏ်းပေါင်းစုံစု၊ ညီမှုဦးတည်၊ သန့်ရှင်းတည်တံ့၊ ပျံ့နှံ့စေရည်။
သာသနာကျိုး၊ သည်ပိုးဆောင်သည်၊ ဖွဲ့စည်းမှု၊ စပြု ပါဝင်သည်။
၁၆ ကျောင်းထိုင်ထေရ်များ၊ စုထားစုံညီ၊ မြို့နယ်တွင်းပ၊ များလှဝေစီ၊
သာသနာကျိုး၊သည်ပိုးဆောင်သည်၊ကျိုးဆောင်ရ၊အာဂတို့မထေရ်။
၁၇ မြို့နယ်ဥက္ကဋ္ဌ၊ တိုင်းမြွတ်တစ်လီ၊ သမ္မုတိရ၊ သံဃာထေရ်ရှည်။
သာသနာကျိုး၊သည်ပိုးဆောင်သည်၊နေ့နှင့်ည၊လုံ့လဉာဏ်နည်းမှီ။
၁၈ သာသနာကျိုး၊ သည်ပိုးဂုဏ်ရည်၊ လောကအကျိုး၊ ဖွံ့ဖြိုးဝေစည်၊
ဉာတိဆွေမျိုး၊အကျိုးဆောင်သည်၊ဂုဏ်သတတ်၊အမြွတ်နိဗ္ဗာန်ရည်၊
၁၉ ဂုဏ်နှင့်သကတ်၊ စပ်ဟပ်မိုကာ၊ ပြည်ထောင်မင်းများ၊စံထားစေရာ၊
အဂ္ဂပဏ္ဍိတ်၊ တံဆိပ်မဟာ၊ လှူဒါန်းပြု၊ သာခု လူနတ်ရွာ။
၂၁ နှစ်ဖြာကိုယ်စိတ်၊ အေးရိပ်ချမ်းသာ၊ သာသနာကျိုး၊ သည်ပိုး
ဆောင်ကာ၊ နိဗ္ဗာန်ပြည်ကြီး၊ ခရီးမြန်စွာ၊ ရောက်စေကြောင်း၊
ဆုတောင်းပတ္ထနာ။

ချီးကျူးဂုဏ်ပြု ရတုပူဇော

မောင်အောင်ဝင်း(ဓမ္မာစရိယ)

ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့၊ ဗဟိုတရားရုံး ရှေ့နေက

ကသီကိုး ပူဇော်ပြီး...

အဆိုကျော် ဦးထွန်းရွှေ က သီဆို ပူဇော်သည်။

အချီအချညီ –၆၄ ပဒစီရို ရတုပိုဒ်စုံ

၁။ ကုန်းဘောင်တေဇာ၊ တန် ခိုး ဖြာ တည်း၊ ရာ ဇာ သ နင်း၊ မင်းထက်မင်းတို့၊ ဝပ်စင်းခညောင်း၊ ရန်ပေါင်းပြိုရာ၊ ရတနာသိမ်၊ ဌာနရောင်ရွှေ၊ ဘိုးတော်မြေတည်း၊ ဌာနေနောက်စူး၊ မြေပြန့်ပြူးတွင်၊ တင့်ထူးလှစွာ၊ ဝဲလကျာကမ်း၊ ကောက်ပဲနှမ်းနှင့်၊ မြနန်းရိပ်ခို၊ မြာရညိုစီး၊ မူးမြစ်ကြီး၏၊ ကမ်းနီး လကျာ၊ တိုက်တာအိမ်ပေါင်း၊ စျေးအိမ်ကျောင်းနှင့်၊ တန်ဆောင်း စေတီ၊ ပြန့်ပြောစည်လှ၊ လူဒါနနှင့်၊ သီလကျင့်သုံး၊ သူတော်ထုံးနွယ်၊ နှလုံးလှများ၊ ဘုရားသာသနာ၊ တည်ထွန်းလာအောင်၊ ရှေးခါခုတိုင်၊ လေးတိုင်ပစ္စယ၊ နဂ္ဂဟာဖြင့်၊ တုပ်ကွရိုကျိုး၊ သည်ပိုးကြရာ၊ သံဃာ ပွင့်ထူး၊ မြို့ရေဦး၏၊ နယ်ထူးသတ်မှတ်၊ နောက်ရပ်သမုတ်၊ ထန်းကြီး အုပ်စု၊ ပါဝင်ပြုသား၊ မြေနုပြန့်ပြော၊ ထန်းပင်တောနှင့်၊ မြကြော ရိပ်ညို၊ ထန်းရိပ် ခိုလျက်၊ နေညိုရောင်သန်း၊ ကျောင်း သခ်န်းနှင့်၊ တင့်ရွှန်းစေတီ၊ မြေသရီတည်း၊ မျိုးရည် ဆွေမှန်၊ သူတော်မှန်တို့၊ မလွန်စာဂ၊ မချသဒ္ဓါ၊ မရှိမဆို၊ မလိုဣဿာ၊ မိစ္ဆာမကျင့်၊ မသင့်မကြံ၊ မမှန်မပြော၊ သဘောယုတ်၊ လောကုတ် လောကီ၊ နှစ်လီချွတ်၊ လူ့ကျင့်ဝတ်တို့၊ မလွတ်ကျင့်သုံး၊ ထန်းတော ကုန်းကား၊ နတ်ဘုန်း ကံမြင့်၊ အောင်ပန်းပွင့်သည်၊ အရှင်ဖွားရာ၊ ဒေသာပါဘုရား။

၂။ သုံးဆောင်ရွှေကြာ၊ နန်းသဥ္စာတည်း၊ စံရာရှင်ပျော်၊ ဘဘုန်း ကျော်နှင့်၊ မယ်တော်ဒေါ်မြစ်၊ မျိုးနွယ် စစ်၍၊ မျိုးချစ်မှန်လှ၊ မိနှင့်ဘမှ၊ ကာလချိန်ရောက်၊ တွန်းတောက် နိမိတ်၊ တဘောင်ဟိတ်ပေါ်၊ ကောင်းတိတ်မျှော်သား၊ အောင်ကျော်

နှင်းကြ၊ လူ့မာယုဟု၊ ဆိုကြယူထုံး၊ နှလုံးပိုင်လစ်၊ ကောဇာဖြစ်သား၊
တစ်နှစ်ခွန်နှစ်၊ လက္ကရာဇ်တွင်၊ ရွက်သစ်ရှင်ပြ၊ တပေါင်းလ၏၊ ဆန်းစ
ဆယ့်လေး နံ့တော်ဒွေးတွင်၊ ဖွားသန့်စင်သည်၊ မွေးစင်အတိ၊ ဘုန်းကံ
၍သား၊ ညာဏ်များလည်၊ စည်းစိမ်ချယ်လျက်၊ ငံပယ် လွန်မြောက်၊
ငါးနှစ်ရောက်သော်၊ တောက်တောက်မည့်မိး၊ ရဲရဲညီးသို့၊ သင်နည်းကျနာ၊
ကျင့်သီလနှင့်၊ ပညာ့ခေါင်းမူး၊ ရှာဦးထိပ်ပန်၊ တော်တည့် မှန်၍၊
နတ်ထံပို့ရာ၊ ကျောင်းရှာသာ၏၊ ဆရာတော်ထံ၊ ပို့အပ်နှံ၍၊ သင်အံ
ရွတ်စေ၊ သင်ပြလေလျှင်၊ သင်လေသမျှ၊ နှုတ်ထက်ရွတည်း၊ သိပ္ပ
ခေါင်မူး၊ ငယ်ကကျူးခဲ့၊ ရွယ်ထူးရှစ်နှစ်၊ သံဃေဖြစ်၍၊ ရှင်ချစ်အသွင်၊
ပညာသင်ခဲ့၊ သုံးအင်ပိဋက၊ အခြေရစေ၊ ညာဏ်ဖြင့်စေသား၊နယ်ဒေသ
ကုန်၊ ကျမ်းမျိုးစုံအောင်၊ ခိုလှုံချဉ်းကပ်၊ သင်နည်း တတ်မှ၊ သုံးရပ်
သာသနာ၊ မွန့်ရှည်ကြာအောင်၊ တို့ဆောင်ရွက်မည်၊ စိတ်ကရည်လျက်၊
ထိုဉာဏ်နယ်လွှင့်၊ စက်ဝန်းဖွင့်သည်၊ **အရှင်လားရာဒေဝပါဘုရား။**

၄။ **ဘုန်းရောင်ဝေဖြာ၊** ထွန်းလင်းစွာတည်း၊ သာမညကျော်၊ တို့
ဘုန်းမော်လျှင်၊ ရွယ်တော်ပျိုမြစ်၊ ငယ်ရွယ်
သစ်လည်း၊ ယစ္စည်းသဒ္ဒါ၊ ဘိဓမ္မာနှင့်၊ တစ်ဖြာဝိနည်း၊ သင်အံ
နည်းကျ၊အခြေရသော်၊ ညာဏ်ကမျှော်၍၊ ထင်ပေါ်နယ်ကုန်၊ ပညာ
စုံတို့၊ ခိုလှုံကြရာ၊ များသဃာနှင့်၊ ပညာသိုက်ကြီး၊ လေးထပ်ကြီး၌၊
ရှာမှီးပညာ၊ သင်လေ့လာလျှင်၊ မကြာမြင့်မီ၊ ညာဏ်ပြည့် မီလျက်၊
နောင်ညီမျှားလယ်၊ ရွယ်ပင်ငယ်လည်း၊ ညာဏ်ကျယ်သလောက်၊ စာချ
မြောက်ခဲ့၊ သိုနေ့ကော်တခန်း၊ မြတ်ရဟန်းသွင်၊ နှုတ်လမ်းတွင်ကာ၊
နယ်ခွင်ရပ်ကုန်၊ နည်းမျိုးစုံရာ၊ မြို့မှံရှာမှီ၊ ကျောင်းလယ်တီနှင့်၊ တလီ
တောင်မြို့၊ နုံးရွှေမြို့တော်၊ ပညာကျော်တို့၊ ရှင်ပျော်စံမှီး၊ တိုက်
သီးသီး၌၊ သင်နည်းမျိုးစုံ၊ ပညာစုံသော်၊ ရွှေဘုံပြန်လှ၊ အခြေရ၍၊
ဒေသနဂိုရ် ကျောင်းပျိုတို့၊ ပညာသိုမှီး၊လေးထပ်ကြီးတိုက်၊ ညာဏ်ကြီး

ပိုက်၍၊ နှစ်ခြိုက်စံပျော်၊ စာချကျော်သား၊ နှစ်ဖော်ပူရ၊ ကျင့်နှစ်ဝကို၊ နေ့ညမညည်း၊ လုံ့လသီးလျက်၊ တိုက်ကြီးနာယက၊ ဘာသနာကျိုး၊ လူများကျိုးကို၊ သည်ပိုးဆောင်စဉ်၊ ပြည်ကြီးရှင်တို့၊ လွန်နှစ်မြို့ရာ၊ အဂ္ဂမဟာ၊ ပဏ္ဍိတာခေါ်၊ တံဆိပ်တော်ကို၊ ပူဇော်ခံလင့်၊ တန်ခိုးပွင့်သည်၊ **အမြင်ကြွားရာ ဒေသပါဘုရား။**

---

ဂုဏ်ပြုပူဇော် တေးထပ်တော်

ထပ်တွန့်ညီ— ရှစ်ဆယ်ပေါ်တေးထပ်

မောင်အောင်ဝင်း (ဓမ္မာစရိယ) တိုင်းရင်းဆေး

ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့၊ ဗဟိုဘုရားရုံးရှေ့နေ က သီကုံးပူဇော်၍

စာရေးဆရာ ဆရာ နန်းညွန့်ဆွေ က သီဆိုပူဇော်သည်

ထန်းတောကုန်းရွာ၊ ချောင်းဦးစခန်း နယ်အတွင်းက
ထွေထူးဆန်းကြယ်၊ သတင်းတရပ်ဖန်သည်၊
ထေရ်မှူးပန်းနှယ်၊ ချဉ်းကပ်စံသည်၊
သင်းမြတ်နဘ်မှာ၊ လွန်ထင်ရှား။
အမရာမဟော်စနစ်၊ ရတနာအဖော်အဖြစ်၊
ကလျာဒေါ်မြစ်နှင့်၊ ဖဘုန်းကျော်မှာ၊
ဘဝသုံးဘော်၊ ကျော်ကြားလာမည့်သား။
ကာလေဒေသ၊ စာပေအခြေရ၊
သာမဏေထေရ်ရ၊ စာချကျော်သည်၊
ထာဝရနော်၊ ဉာဏ်ဝင်စား။
လာသမျှပေါ်၊ သွန်သင်ကြွားပါလို့၊
ညွှန်စင်ကာထား၊ နေ့နှစ်ည နှစ်ဝါ၊

ထုံးဝသ်ကွာ ကျွပ်ကာဆင့်၊ မြင့်လာမြင့်၊ မြင့်ထက်နိဗ္ဗူတာ။
သက်နုတ် ပြုပွာ၊ သဟာမ္ပတိက၊ အနုဂ္ဃရတနာ၊ အမှန်အဓိက၊
အဂ္ဂမဟာပဏ္ဍိတ၊ ထေရ်ဘုန် ဖြာသည်၊
ရနတစ်နှုန်းပမာ၊ ရောင်လျှံလက်၍၊
မအောင်မောဝင်၊ မိုးမြင့်သီခေါင်၊ မျိုးမြင့်ရည်ဆောင်။
ဂုဏ်ရည်စမ်းပွင့်၊ ထုံကြည်ပန်းသဇင့်၊
ဘုံမဟီလျှမ်းတင့်၊ ထေရ်ဘုန်းရောင်သည်၊
အသရေမဆုံးအောင်၊ ထွန်းလင်းသည်ဖျလေး။
မဟာထေရ်ကုမာရ၊ ညာအကြေ ယခုဘဝါဘဝ၊
သာသနေ၊ ပြုလာသမျှ၊
ရည်ညွှန်းဆောင်သည်၊ တည်းတွန်းတဘောင်၊ အောင်ရသည်ဖျလေး။
အသရေထူးကြွယ်သပ၊ မထေရ်မှူးနွယ်အမတ၊ ရေဦးနယ်နဂရ၊
ဂုဏ်ရည်ဆောင်သည်၊ ပုဏ္ဏမီတိုင်အောင်၊ ကျော်ကြားသည်ဖျလေး။

---

စစ်ကိုင်းတိုင်း၊ မြေဦးမြို့ လေးထပ်ကြီးတိုက် ဆရာတော်ဘုရားကြီး၏
အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ပူဇာသဘင်ပွဲ၌ ရေးသားဆက်သွင်း
ပူဇော်အပ်သော မင်္ဂလာရတုပိုဒ်စုံပါဘုရား

ရန်ကုန်ဆရာအထက်တန်းသင်သိပ္ပံ အနုပညာဌာန၊ လက်ထောက်ကထိက
ဒေါ်သင်းသင်းမြတ် က သီဆိုပူဇော်သည်။

(၁) လေးရဂုဏ်ရည်၊ ပုံကြည်ကြည်တည့်၊ ခုံတည်စလောက်၊ စုံစီ
လျှောက်ပိမ့်၊ ယာဂ်ဆောက်ကြေညာ၊ ပြည်မြန်မာဝယ်၊ လွန်စွာကျော်
ဟီး၊ လေးထပ်ကြီးပ၊ ကျောင်းကြီးဌာန၊ ယာပုထဖြင့်၊ သာမျှပျော်
ရွှင်၊ ဆရာရှင်မ၊ ကြွသွင်ပြောင်းစွာ၊ လောင်းအလျာ၏၊ ကြောင်းရာ
ဟုတ်လှ၊ ချုပ်ပြုသော်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာသည်၊ နေဝါလဝန်း၊
ပမာလွန်းလျှံ၊ ရှန်းရှန်းလက်ဖြာ၊ ပြည်မြန်မာတည့်၊ ဇေယျာတွင်လှိုင်း၊

မြို့စစ်ကိုင်းဟု၊ တိုင်း၌ဝေဖြာ၊ ရေဇလာနှင့်၊ မြေလွှာပြန့်ဖြူး၊ မြို့ရှေ့ဦးတွင်၊ ကြည်နူးစရာ၊ ကိုင်းလယ်ယာတို့၊ သာယာတင့်ဆန်း၊ အစဉ်လန်းလျက်၊ ထန်းပင်ထန်းတော၊ လှမ်းသွယ်ပေါ်သည့်၊ ထန်းတောကုန်းရွာ၊ မနှန်းသာတည့်၊ ပုန်းလွှာတန်ခိုး၊ ချူးလာမိုးသို့၊ ပြိုးမြင့်တက်လင်း၊ သက္ကရာဇ်ကို၊ တွက်စစ်သောခါ၊ ထောင့်နှစ်ရာနှင့်၊ စွန်းလာခုနှစ်ဆယ်၊ နှစ်ခုကယ်လျက်၊ နောက်ဆွယ်ဆောင်းနှောင်း၊ လတပေါင်းဝယ်၊ ရက်ကောင်းဆန်းတက်၊ ဆယ့်လေးရက်တည့်၊ နံနက်ဆယ့်တစ်၊ နာရီခေတ်ဝယ်၊ ကြုံလစ်အခါ၊ တနလာတည့်၊ သမ္မာဇီဝ၊ ညီတမျှဖြင့်၊ သုံးဝသရဏဂုံ၊ ကိုယ်လုံးထုံလျက်၊ ငါးပုံသီလ၊ မြဲနိစ္စတည့်၊ ဖိတ်လွှသဒ္ဓါ၊ အစဖြာသား၊ ဓမ္မာဖြူဆွတ်၊ သူတော်ဝတ်ကို၊ မချွတ်မွေ့လျော်၊ ဦးဘုန်းကျော်နှင့်၊ နှစ်ဖော်ပေါင်းလစ်၊ ဒေါ်ဒေါ်မြစ်တို့၊ ကြင်ချစ်ရှင်ပြုံး၊ ပီတိဖုံးလျက်၊ မိုးလုံးမမြင်၊ လေမမြင်တည့်၊ ရွှေရင်ချမ်းမြေ့၊ ဝမ်းဝယ်မွေ့လျက်၊ ကြွေ့ကြွေ့လိုက်ဖို၊ ချစ်လွှန်းပိုသည်။ ။ထေရ်ကိုယ်အလျာဖွားသော်ကြောင့်။

(၂) ငွေလပုံကြည်၊ ဖွားမြောက်သည်မှ၊ အမည်တော်အား၊ မောင်ကျောက်များကို၊ ငါးနှစ်အရွယ်၊ စုံပြည့်ကြွယ်ဘိ၊ ရင်ဝယ်ပိုက်ထွေး၊ ယုယမွေ့လျက်၊ ရွှေသွေ့ကျူးက်သရေ၊ တာဝေဝေဖြင့်၊ သုခေမိတ၊ ကြီးပွားရ၏၊ ဆရာ့အထံ၊ အပ်ထားနှံ့သော်၊ သင်အံလို့လ၊ စီရိယဖြင့်၊ ငဏ္ဍမာလာ၊ မင်္ဂလာနှင့်၊ ရတနာရွှေချိုင့်၊ မြတ်ပန်းခိုင့်တည့်၊ မွေးကြိုင့်နမက္ကာ၊ စသည့်စာကို၊ နောင်ခါမမေ့၊ သင်အံလေ့၏၊ ချမ်းမြေ့ငယ်ငယ်၊ ရှစ်နှစ်ရွယ်၌၊ သုံးသွယ်သရဏဂုံ၊ ကြာပန်းငုံကို၊ နှုတ်ငုံပီစွာ၊ ရွတ်ဆိုကာဖြင့်၊ ရွာသာကျောင်းမှ၊ မြတ်ထေရဟု၊ ဆရာ့ထံတွင်၊ ရှင်ကုမာရ၊ ဘွဲ့မည်သလျက်၊ တည်စွဲရှေ့၊ သာမဏေကား၊ ရိုသေကိုင်းညွှတ်၊ တပည့်ဝတ်ဖြင့်၊ ကျင့်ဝတ်လိင်ဒဏ်၊ ခြေခံပိဋကတ်၊ သင်တုံလတ်၏၊ သတ်မှတ်နှစ်ဆယ်၊ ပြည့်စုံကြွယ်လတ်၊ ရဟန်းဇာတ်ဖြင့်၊ လှမ်းပတ်ကျော်ဟိး၊ လေးထပ်ကြီးနှင့်၊ မြို့ကြီးမုံရွာ၊ မန္တလာ၌၊ ပညာကုန်

မြောက်၊ဘုန်းဆောင်တောက်သည့်၊မုန်သောက်မာတင်၊ဆရာရှင်တို့၊ စုံလင်ထိုထို၊ စက်ရိုပ်ခိုလျက်၊ ဝိမိုရ်ပါမောက်၊ ဆိုစလောက်အောင်၊ မွေနှောက်ပိဋကတ်၊နည်းစုံမှတ်၍၊ကမ်းခတ်စုံလင်၊အကုန်သင်လျက်၊မိခင်တိုက်ကြီး၊ လေးထပ်ကြီးတွင်၊ ထိုပြီးတဖန်၊ လက်ဆင့်ပြန်၍၊ မှန်မှန်ပို့ချ၊ ပညာမျှသော်၊ ထိုမှ၍မှ၊ လာရောက်ကြလျက်၊ ဆရာ့ပညာ၊ သင်ယူကာဖြင့်၊ များစွာသောင်းသောင်း၊ တပည့်ကောင်းတို့၊ အပေါင်းထိုထို၊ ပွားကြပိုသည်။ ။မှီခိုအသာ များသော်ကြောင့်။

(၃) **မေခဘုံပြည်၊ ရောက်စိမ့်ရည်လျက်၊ ရှည်လျားကာလ၊ ငယ်စဉ်ခ၍၊** ဗုဒ္ဓမြတ်စွာ၊ သာသနာ၌၊ ရောက်လာသမျှ၊ အာဝဝတည့်၊ ကိစ္စတာဝန်၊ အားစိုက်သွန်လျက်၊ ကျေပွန်ထမ်းရွက်၊ အစွမ်းထက်၏၊ သက်တော်ယွင်းယို၊ ရွယ်တော်အို၍၊ ထိုသို့ဒုက္ခ၊ နှိပ်စက်ကြလည်း၊ မချဝန်တာ၊ကြိုးစားရှာ၏၊ နေ့မှာနေ့လျှောက်၊ ညဥ့်ရောက်ညဥ့်တာ၊ တစာစာနဲ့၊ စာပို့ချ၊ ချိန်မှန်စွာသည့်၊ စာမှတစ်ပါး၊ စာကိုထား၍၊ အခြားလောကီ၊ အလီလီကို၊ မသိမလေး၊ လျစ်လျူပေး၏၊ လေးပါးပစ္စယာ၊ အာမိသာ၌၊ တွယ်တာမပြု၊ ရသမျှနဲ့၊ မျှတဘော်မူ၊ စိတ်မပူတည့်၊ ရှစ်ဆူဏ္ဍ၊ အနိဋ္ဌဟု၊ လောကဓံလေ့၊ မုန်တိုင်းဝေ့လည်း၊ မရွေ့မယိုင်၊ ကျောက်စာတိုင်သို့၊ ခိုင်ကြည်စိတ်ဓာတ်၊ လွန်တည့်မတ်၏၊ လှည့်ပတ်မမူ၊ စိတ်တော်ဖြူ၏၊ သူဘော်နှလုံး၊ အစဉ်သုံး၏၊ သုံးပါးသိက္ခာ၊ ညီမျှစွာတည့်၊ သီလာပန်းခြံ၊ ဖူးဖွေ့သန့်လျက်၊ မြန်ပြည်ကြေညာ၊ ရန့်ဖြာ၏၊ သမာဓိမူ၊ ဘောင်မေရုနှင့်၊ မြေထုပမာ၊ ခန့်ခိုင်စွာ၏၊ ပညာနှိုင်းချိန်၊ ဝရဇိန်တည့်၊ အရှိန်ကြီးမား၊ ဂုဏ်တော်များကို၊ ထောက်ထားသမူ၊ စဉ်ရှေးရှုလျက်၊ ပြည်သူ့ကျိုးပြု၊ အစိုးရမှ၊ အဂ္ဂမဟာ၊ ပဏ္ဍိတာဟု၊ ဖူးလွှာလက်မှတ်၊ တံဆိပ်ခတ်လျက်၊ မင်းမြတ်ပူဇော်၊ ဆရာတော်ဟု၊ တူပျော်ပြုံးပြုံး၊ ခြိမ့်ခြိမ့်အုန်းဖြင့်၊ စုရုံးထိုထို၊ ကပ်လာခိုသည်။ ။**ကြည်ညိုသဒ္ဓါပွားသော်ကြောင့်။**

တပည့် — **အရှင်တေဇနိယ**

တိ=နိ ကျောင်းတိုက် မိုးမိတ်ကုန်းမြေ(မင်းကွန်း)

## ပူဇော်ပွဲကျင်းပရေးကော်မတီနာယကကြီးများ

၁ ဒေါက်တာ မြတ်မို
၂ ဗိုလ်မှူးကြီးဟောင်း ဦးတင်ညွန့်
၃ ဦးဘကြွယ် တိုင်းအင်ဂျင်နီယာ ရန်ကုန်တိုင်း
၄ သခင် အေးမောင်
၅ ဦးသာခင် ညွှန်ချုပ်
၆ ဗိုလ်မှူးကြီးဟောင်း ဦးအေးမောင်
၇ ဦးသောင်းတင် (နိုင်ငံဂုဏ်ရည် ဒုတိယဆင့်)
၈ ဦးကျော်ညွန့် ဗိုလ်ချုပ်လမ်း ကျောက်တံတားမြို့နယ်
၉ ဦးပြားမောင် ကချင်ဂေဟာ
၁၀ ဗိုလ်မှူး မောင်မောင်ခိုင်
၁၁ ဦးသန်းမြင့် (အငြိမ်းစား ညွှန်မှူး)
၁၂ ဦးသန်းရှိန် P.S.E အသံချဲ့စက်
၁၃ ဦးဘိုးထွေး ကုန်သည်
၁၄ ဦးဘငြိမ်း (အငြိမ်းစား)
၁၅ ဗိုလ်မှူးဟောင်း ဝေဠု
၁၆ ဦးမောင်မောင်ထွေး (ဦးစီးမှူးဆည်းမြောင်း)
၁၇ ဦးစိုးညွန့် (လ/ထညွှန်မှူးပညာရေး)
၁၈ ဒေါ်စန်းစန်းဦး
၁၉ ဒေါ်ဆွေဆွေကြည် (လ/ထ မန်နေဂျာ)
၂၀ ဦးတင်ညွန့် (အငြိမ်းစား)
၂၁ ဒေါက်တာ ဒေါ်အေးကြည်
၂၂ ဒေါ်မမကြီး (အငြိမ်းစား)
၂၃ ဦးလေးမောင်

## ဉုံးလျှူပူဇော်ပွဲ ကျင်းပရေးကော်မတီ

| | | | |
|---|---|---|---|
| ၁ | ဦးမြင့်ထိုပ် ဥက္ကဋ္ဌ | ၁၁ | ဦးခင်မောင်အေး ကော်မတီဝင် |
| ၂ | ဒေါက်တာ ဦးကျော် ဒု-ဥက္ကဋ္ဌ (၁) | ၁၂ | ဒေါ်ညိုညိုဝင်း ။ |
| | | ၁၃ | ဒေါ်ခင်ခင်ပြုံး ။ |
| ၃ | ဦးကိုကိုကြီး ဒု-ဥက္ကဋ္ဌ (၂) | ၁၄ | ဒေါ်ရွှေကြည် ။ |
| ၄ | ဦးနီ ဘဏ္ဍာရေးမှူး | ၁၅ | ဦးမြင့်ကျော် ။ |
| ၅ | ဦးထွန်းအောင် စာရင်းစစ် (၁) | ၁၆ | ဦးစောဝင်း ။ |
| ၆ | ဦးတင်အောင် စာရင်းစစ် (၂) | ၁၇ | ဦးအုန်းမောင် ။ |
| ၇ | ဦးကံကြီးမောင် ကော်မတီဝင် | ၁၈ | ဦးဘညွန့် အတွင်းရေးမှူး |
| ၈ | ဦးစိန်ဝင်း ။ | ၁၉ | ဦးသိန်းမြင့် တွဲဘက်အတွင်းရေးမှူး (၁) |
| ၉ | ဦးအောင်ဝင်း ။ | | |
| ၁၀ | ဦးသန်းမောင် ။ | ၂၀ | ဦးကြည်မောင် တွဲဘက်အတွင်းရေးမှူး (၂) |

---

ဆွမ်းအလှူရှင်
ဦးဘမိုး နှင့် ဒေါ်အေးမြ
၁၅၉၉၄ တို့အား အမှူးထား၍
ဒေါက်တာဘဝင်းသိန်း နှင့် ဒေါ်လှိုင်ကြည်ဦး
မိသားစု ကောင်းမှု၊

---

ဟောင်ကောင်အောင်ဝင်း (ဗမာ့ဓရိယ) တိုင်းရင်းဆေး
ဦးဘကျော်နှင့် ဥပဒေဘွဲ့ ဗဟိုတရားရုံးချုပ်ရှေနေ
ဦးစဉ်သည်။

- အတ္ထုပ္ပတ္တိ အကျဉ်းချုပ် ၊

- ထေရဂုဏ ပူဇာ ဂါထာများ ၊

- အဖွဲ့အသီးသီး၏ လျှောက်ထားလွှာများ ၊

- ထေရဂုဏ ပူဇာ ရှစ်လုံးဘွဲ့ ရတုနှင့်

  တေးထပ်ကဗျာများ ၊